ချင်းအမျိုးသားတပ်ဦး၏
အနှစ် (၆၀) ပြည့် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်
၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ (၂၀) ရက်

ယနေ့ ၂၀၀၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့တွင် ကျရောက်သော အနှစ် (၆၀) ပြည့် ချင်းအမျိုးသားနေ့ သည် ခေတ်ကာလနှင့်မညီတော့သော တိုက်သူကြီးများ အုပ်ချုပ်သည့် အုပ်ချုပ်ရေးစနစ်ဟောင်းကို အများပြည်သူက ရွေးချယ်တင်မြောက်သည့် ပြည်သူ့ကိုယ်စားလှယ်များက အုပ်ချုပ်ခံအများပြည်သူများ၏ ဆန္ဒအတိုင်းအုပ်ချုပ်ခြင်းစနစ်ဖြစ်သည့် "ဒီမိုကရေစီစနစ်" အားဖြင့် ချင်းပြည်သူများနှင့် ချင်းအမျိုးသား ခေါင်းဆောင်များက စည်းလုံးညီညွတ်စွာ ရွေးချယ်အစားထိုးနိုင်ခဲ့သော သမိုင်းဝင်နေ့တနေ့ဖြစ်သည်၊

၎င်းအပြင် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖလမ်းမြို့တော်၌စုရုံးခဲ့ကြသော ချင်းအမျိုးသားခေါင်းဆောင်များနှင့် ချင်းအမျိုးသားပြည်သူများ၏ လေးနက်ပြတ်သား ကြည်လင်သော အမျိုးသားနိုင်ငံရေး အမြင်များအား ချင်းအမျိုးသားသွေးစည်းညီညွတ်မှုကို လက်တွေ့ကျကျကျင့်သုံးကာ သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ပြီး ချင်းအမျိုးသားတော်လှန်ရေးအောင်ပွဲ ခံခဲ့ရသည့် နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။ ထို့ကြောင့် ချင်းပြည်သူအားလုံး ယနေ့ ကြုံတွေ့ရင်ဆိုင်နေရသော အမျိုးသားနိုင်ငံရေး ပြဿနာများကို လေးနက်ပြတ်သားစွာ ရှုမြင်သုံးသပ်လျက် ချင်းအမျိုးသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အတူတကွ လုပ်ဆောင် အကောင်အထည်ဖေါ်ဆောင်နိုင်ရေးအတွက် ဤချင်းအမျိုးသားနေ့ကို အမျိုးသားနိုင်ငံရေး အနှစ်သာရရှိရှိ၊ အမျိုးသားရေးသတိ အပြည့်ဖြင့် ကျင်းပကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါ သည်။

ချင်းအမျိုးသားများ၏ ရေရှည်အမျိုးသားနိုင်ငံရေးအမြင် ပြတ်သားကြည်လင်မှုကို ဖော်ဆောင်သော၊ ချင်းအမျိုးသားပြည်သူများ၏ အမျိုးသားရေးစည်းလုံးညီညွတ်မှုကို ထင်ဟပ်ပေါ်လွင်စေသော ချင်းအမျိုးသားနေ့ကြီးကို အမျိုးသားနိုင်ငံရေးနှင့် စည်းလုံးညီညွတ်မှု အနှစ်သာရကင်းမဲ့စွာဖြင့် သာမန်ပွဲလမ်းသဘင် တခုပမာ ကျင်းပခြင်း မပြုရန် အထူးသတိပေးလိုသည်။ ထို့အပြင် အမျိုးသားရေးအမြင် ပြတ်သားကြည်လင်မှုနှင့် ခိုင်မာသော ချင်းအမျိုးသား စည်းလုံးညီညွတ်မှု အင်အားများကို သေးသိမ်ကျဆင်း ဖျက်ဆီးနိုင်ရေး အစဉ်တစိုက် ကြိုးစားလုပ်ဆောင်နေသော စစ်အုပ်စုနှင့် အဆိုပါစစ်အုပ်စုကို ဖော်လံဖားကာ ချင်းအမျိုးသားနေ့ကို စစ်အုပ်စု အလိုကျ အမျိုးသားရေးအနှစ်သာရ ကင်းမဲ့စွာ ကျင်းပနေသူများကို သတိမျက်ခြေမပြတ် ခွဲခြားသိမြင်ရန် အထူးနှိုးဆော်အပ်ပါသည်၊

ယခုတဖန် နအဖ စစ်အုပ်စုသည် ချင်းအမျိုးသားနေ့၏ အနှစ်သာရနှင့် လုံးလုံးလျားလျား ဆန့်ကျင်သည့် ကြေညာချက် အမှတ် ၁/၂၀၀၈ နှင့် ၂/၂၀၀၈ တို့ကို ဖေဖေါ်ဝါရီလ ၉၊ ၂၀၀၈ နေ့တွင် ထုတ်ပြန်လိုက်ပါသည်။ ချင်းအမျိုးသားများက ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် စည်းလုံးညီညွတ်စွာ ရွေးချယ်လိုက်သည့် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ဖက်ဖြစ်သော စစ်အာဏာရှင်စနစ် ရှင်သန်ရေးအတွက် နအဖ စစ်အုပ်စုမှ ထုတ်ပြန်လိုက်သည့် အထက်ပါ ကြေညာချက် ၁/၂၀၀၈ နှင့် ၂/၂၀၀၈ တို့ကို ချင်းအမျိုးသားနေ့၏ နိုင်ငံရေးအနှစ်သာရအား လေးစားမြတ်နိုးသူတိုင်းက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ကြပါရန် ဤအနှစ် (၆၀) ပြည့် ချင်းအမျိုးသားနေ့တွင် ကြေညာချက် ထုတ်ပြန်လိုက်ရသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ချင်းအမျိုးသားတပ်ဦး
ချင်းလဲန်း